## ၈။ အကြေးပိုး

**Seychelles Scales: *Icerya seychellarum* (Westwood, 1855)**

**Hemiptera: Monophlebidae**

**ဖျက်ကောင်ပုံသဏ္ဍာန်များ**




ခန္ဓာကိုယ်သည် အဖြူရောင် (သို့) အဝါဖျော့ရောင်ဖယောင်းလွှာဖြစ်ပြီး ခန္ဓာကိုယ်အစွန် အဖျားပိုင်းတွင် အပ်ချည်မျှင်ပုံသဏ္ဍာန်အမွေးအမျှင်များပါရှိသည်။

**ဖျက်ဆီးပုံလက္ခဏာများ**



ပင်ရည်စုပ်စားခံရသည့်အတွက် အရွက်များညှိုးကျခြင်းများနှင့် ကြီးထွားမှုရပ်တန့်သွားခြင်းများတွေ့ရသည်။ ပျားရည်စွန့်ထုတ်ပစ္စည်းကြောင့် ကြပ်ခိုးမှိုများဖြစ်ပေါ်ပြီး အစာချက်လုပ်ရာ တွင် အဟန့်အတားဖြစ်စေခြင်းနှင့် သီးနှံပင်ကိုအားနည်းစေသည့်အပြင် အသီးများပေါ်တွင် ကြပ်ခိုးမှုစွဲပါက အသီးအရည်အသွေးကိုပါ ပျက်ဆီးစေသည်။

**ဘဝစက်ဝန်း**

ဥအဆင့် -(၁-၁၇)ရက်

ပိုးမမည်အဆင့် - (၃၃-၁၀၅)ရက်

ဥအဆင့်မှ အရွယ်ရောက်ကောင်အဆင့်ထိသက်တမ်းသည် (၉၀-၁၂၀) ရက်ခန့်ကြာမြင့်တတ်သည်။

**ဘက်စုံကာကွယ်နှိမ်နင်းနည်းများ**

(၁)ပိုးကျထားသောကိုင်း၊ပင်စည်၊အသီးများအားဖျက်ဆီးပါ။

(၂) ပုံမှန်ကိုင်းချိုင်ပါ။

(၃)ပေါင်းမြက်များရှင်းလင်းပါ။

(၄)အပင်အားရှိစေရန်မြေဩဇာပုံမှန်ကျွေးပါ။

(၅)စိုက်ခင်းပတ်ဝန်းကျင်ရှိ လိပ်ခုံးကျိုင်းကဲ့သို့သော သဘာဝမိတ်ဆွေပိုးများကို ကာကွယ်ထိန်းသိမ်းပါ။

(၆)ပုရွက်ဆိတ်များအားနှိမ်နင်းပါ။(ပုရွက်ဆိတ်များသည်မိတ်ဆွေပိုးများလာရောက်ခြင်းအားဟန့်တားသည်)

(၇)ဆပ်ပြာဖျော်ရည်ပက်ဖျန်းပါ။

(၈)အလွန်ဆိုးရွားစွာ ကျရောက်ပါကထိသေစားသေ (သို့) ပင်လုံးပြန့် အာနိသင်ရှိ ပိုးသတ်ဆေးတစ်မျိုးမျိုးကို ပိုးသတ်ဆေးဘူး၊ အိတ်ပေါ်ပါ အညွှန်းစာအ တိုင်းပက်ဖျန်းပါ။ (သို့) mineral oil နှင့် ရောစပ်၍ ဖြစ်စေပက်ဖျန်းကာကွယ်နှိမ်နင်းပါ။ ပိုးသတ်ဆေးများကို အသုံးပြုပါက အညွှန်းစာ တွင် ဖော်ပြထားသည့် မခူးဆွတ်မီ စောင့်ဆိုင်းရမည့်ကာလ Pre-harvest Interval (PHI) ကို လိုက်နာ ၍စနစ်တကျခူးဆွတ်ပါ။

- ဒိုင်မီသိုအိတ် (Dimethoate)
- ဒိုင်နိုတီဖျူရမ် (Dinotefuran)
- စပီရိုတတ်ထရာမက် (Spirotetramat)
- အဆီတာမီပရစ် (Acetamiprid)
- ကာဘာရိုင်း (Carbary)